**၁။ ပင်ဖြတ်ပိုး**

**Black cutworm/ Cutworm : *Agrotis ipsilon* (Hufnagel, 1766)**

**Lepidoptera: Noctuidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





လောက်ကောင်များသည် ညအခါ၌ စားသောက်ဖျက်ဆီး၍ နေ့ဖက်တွင် အပင်၏ အောက်ခြေတွင် ဖုံးအုပ်နေပြီး မြေကြီး၏အပေါ်ပိုင်းတွင် ပုံးအောင်းနေတတ်သည်။ နှောင့်ယှက်ခြင်းခံရပါက အင်္ဂလိပ်အက္ခရာ (C) ပုံသဏ္ဍာန်ဖြစ်သွားသည်။ အသက်ပိုကြီးသော လောက်ကောင်များကို ပိုမိုနက်ရှိုင်းသည့် မြေကြီးထဲတွင်တွေ့ရတတ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လောက်ကောင်များသည် အရွက်များပေါ်တွင် စားသောက်ဖျက်ဆီးပြီး အကောင်ကြီး များသည် အပင်အရင်းမှ ကိုက်ဖြတ်ချသည်။ ပျိုးပင်ပေါက်များတွင် အပင်ခြေရင်း မြေကြီးရင်းမှ ကိုက်ဖြတ် ချသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (** ၂-၅ **)** ရက် |
| လောက်ကောင် အဆင့် | **– (**၁၆-၂၂) ရက် |
| ရုပ်ဖုံး အဆင့် | **– (** ၇-၁၀ **)** ရက် |
| အကောင်ကြီး အဆင့် | **– (** ၃-၇ **)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) မိမိစိုက်ခင်းအား အမြဲကင်းထောက်စစ်ဆေးပါ။

(၃)စိုက်ခင်းအားထွန်/ထယ်နက်နက်ထွန်ပါ။

(၄)ပိုးကျရောက်ဖျက်ဆီးခံထားရသောစိုက်ခင်းအားရေလွှမ်းထားပါ။

(၅)လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။ (နံနက်စောစောနှင့်ညနေခင်းများတွင်မြေအက် ကွဲ ကြောင်းများအတွင်းတွင်ရှာဖွေပါ)

(၆)အလင်းရောင်ထောင်ချောက်များအသုံးပြု၍အကောင်ကြီးများအားဖမ်းဆီးပါ။

(၇) တမာပိုး သတ်ဆေးကို ရေ(၁)ဂါလံတွင် (၆၀) စီစီနှုန်း ဖျော်၍ မှန်မှန်ဖျန်းပေးပါ။

(၈)မြေပြင်ချိန်တွင်မြေကြီးထဲသို့ ဖီပရိုနေး၃ဂျီအာ(Fipronil 3GR)(သို့)ကာဘိုဆာလဖန် ၅ဂျီ (Carbosulfan 5G) ထည့်၍ စိုက်ပျိုးပါ။

(၉)လောက်ကောင်ငယ်များတွေ့ပါက ထိသေ၊ စားသေအာနိသင်ရှိ ပိုးသတ်ဆေး တစ်မျိုးမျိုးကိုဆေးအညွှန်း အတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာတွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟောလိုသရင် (Lambda–cyhalothrin)
- ဆိုင်ပါမီသရင် (Cypermethrin)
- ကလိုရမ်ထရမ်နီလီပရော (Chlorantraniliprole)